ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

နေပြည်တော်

**ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်**

၁၃၇၅-ခုနှစ်၊ တန်ခူးလဆုတ်(၁၁)ရက်

(၂၀၁၃-ခုနှစ်၊ မေလ ၆ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအရိုင်းနှင့်အချောထည်များကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးလျက်ရှိသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူသို့ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄-ခုနှစ်မှ ၂၀၀၅-ခုနှစ်အထိ ကာလအတွင်းကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်ထုတ်ယူကြရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင်(၂၈)ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ (၃၀.၆.၂၀၁၃)ရက်နေ့ နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန်ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းအတွဲပိုင်ရှင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းရှင်အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| ၁ | ဒေါ်ချင်ကျိန် | အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈ |
| ၂ | ဒေါ်အမ်ဖိန် | အယ်လ်အက်စ်အို-၁၈၂၅၉၀ |
| ၃ | ဦးမြင့်စိုး | ၅/ခတန(နိုင်)၀၀၅၅၆၇ |
| ၄ | ဦးသိန်းဝင်း | - |

| | | |
|---|---|---|
| ၅ | ဦးခရိုင်းနော်အောင် | အမ်ကေအေ-၀၃၉၈၃၅ |
| ၆ | ဦးဝင်းရှိန်+ဦးချစ်စံ | ၉/မရမ(နိုင်)၀၆၄၇၅၉ |
| ၇ | ဦးနော်အောင် | ၁/မကန(နိုင်)၀၁၃၄၃၄ |
| ၈ | ဦးသောင်းထီ | အက်စ်ဂျီဂျီ-၀၄၄၅၄၁ |
| ၉ | ဦးစောစေတာ | ဘီအက်စ်အင်န်-၀၄၇၆၈၆ |
| ၁၀ | ဦးစောထွန်းနိုင် | ၁/မကန(နိုင်)၀၄၇၉၇၆ |
| ၁၁ | ဦးမောင်မောင်မြင့်+ဦးအောင်ကြည် | အမ်အမ်အို-၃၁၂၅၁၉ |
| ၁၂ | ဦးမောင်မောင်စိန် | အေအမ်အေ-၀၉၅၈၆၃ |
| ၁၃ | ဦးအေး | ၉/မရမ(နိုင်)၀၀၁၉၀၅ |
| ၁၄ | ဦးအောင်ဝင်း | ၁/မကတ(နိုင်)၀၃၀၂၂၀ |
| ၁၅ | ဦးဖော်ယူဂမ်မွန် | - |
| ၁၆ | ဦးနွယ်ဘွား | ၅/စကန(နိုင်)၀၈၇၈၀၁ |
| ၁၇ | ဦးမြင့်နိုင်ဦး+ဦးစိုးမြင့် | ၉/မရမ(နိုင်)၀၃၆၀၃၀ |
| ၁၈ | ဦးမြတ်ဇော်ဦး | ၁/မကတ(နိုင်)၀၃၀၃၈၉ |
| ၁၉ | ဦးသန်းမြင့် | - |
| ၂၀ | ဦးစိုးနိုင် | ၁၃/ကခဥ(နိုင်)၀၃၄၂၁၇ |
| ၂၁ | ဦးစိုးနိုင်ဦး | ၇/ပလန(နိုင်)၀၄၀၅၅၂ |
| ၂၂ | ဦးစိုးမြင့် | ၁၂/လသန(နိုင်)၀၈၆၈၀၂ |
| ၂၃ | ဦးမရစ်နော် | ၁/မကန(နိုင်)၀၁၆၄၆၀ |
| ၂၄ | ဦးအင်ဒူယဥ့်တူးဂျာ | ၁/မကတ(နိုင်)၀၁၈၁၁၈ |
| ၂၅ | ဦးလရော် | ကေအမ်ဂျီ-၀၄၁၂၉၁ |
| ၂၆ | ဦးလှထွန်း | - |
| ၂၇ | ဦးတင်ထွန်းလင်း | ၁၂/ရပသ(နိုင်)၀၃၃၁၁၃ |
| ၂၈ | ဦးထွန်းရွှေ | အယ်လ်အက်စ်အို-၂၇၁၉၅ |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်း တူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း